
# မြူ

Scientific name - *Chenopodium album* L.

Common name - Fat hen

Family - Chenopodiaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်မျိုးဖြစ်ပြီး ယာခင်းများတွင် ပျံ့နှံ့စွာပေါက်သည်။ ပင်စည်သည် ၀.၂ မှ ၂မီတာ ထိရှည်ပြီး အမွေးအနည်းငယ်ပါရှိ၍ ထောင်မတ်ပြီး ကိုင်းဖြာသည်။ မူလရေသောက်မြစ်မှ ကိုင်းများစွာထွက်သည်။ ဘဲဥပုံ၊ လုံသွားပုံ သို့မဟုတ် ထိပ်ဖျားချွန်၊ ပုံမမှန်သော အကွေ့အဝိုက်များပါရှိသော အရွက်များသည် ရိုးတံပေါ်တွင် တစ်လှည့်စီထွက်သည်။ အရွက်နုများသည် မီးခိုးရောင်သန်းသောအဖြူရောင်မျက်နှာပြင်ရှိသည်။ ပုံမမှန်သောပွင့်ညှာမဲ့ပန်းခိုင် အစုလိုက်တွေ့ရသည်။ အသီးသည် တစ်စေ့သီးဖြစ်ပြီး အစေ့ကိုပါးလွှာသောအစေ့အိမ်ဖြင့်ဖုံးထားသည်။ အစေ့သည် စက်ဝိုင်းပုံရှိပြီး ကန့်လန့်ဖြတ်လျှင်ဘဲဥပုံရှိပြီး မျက်နှာပြင်ချောသည်။ တောက်ပြောင်ချောမွေ့သော အနက်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။